# ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၇)၊ ဇွန်လ (၄) ရက်၊ ၂၀၁၆

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက် ရွှေဂုံတိုင်တံတား တည်ဆောက်မှုကိစ္စ စာရင်းစစ်ချုပ် ဖြေကြား

ကြာသပတေး၊ ဇွန် ၂၊ ၂၀၁၆

ရွှေဂုံတိုင်ခုံးကျော်တံတား တည်ဆောက်မှုတွင် ပိုလျှံငွေကျပ် ၂၂ သန်းခွဲကျော် တွေ့ရှိခဲ့ပြီး အဆိုပါပိုလျှံငွေအားလုံးကို နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းခဲ့ပြီး ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်က မေ ၃၁ ရက်တွင် ပြောကြားလိုက်သည်။

ရွှေဂုံတိုင်ခုံးကျော်တံတား တည်ဆောက်ရာတွင် စစ်ဆေးတွေ့ရှိချက်များနှင့် နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းငွေကို သိရှိလိုကြောင်း ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပဥ္စမနေ့) တွင် မေးမြန်းခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှက ယင်းသို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

"၂၀၁၃-၁၄ ဘဏ္ဍာနှစ်မှာ ရွှေဂုံတိုင် ခုံးကျော်တံတားအား စစ်ဆေးတွေ့ရှိချက်များအရ စံနှုန်းတွက်ချက်မှုများ မှားယွင်းခဲ့မှု ရှိခဲ့ပါသလား။ ထပ်တိုးဆောင်ရွက်သည့် လုပ်ငန်းများအပေါ်မှာ နိုင်ငံတော်ကို ပြန်လည်ပေးသွင်းရမည့် ငွေကို စစ်ဆေးတွေ့ရှိခဲ့ပါသလား" ဟု ဒေါ်စန္ဒာမင်းက မေးမြန်းခဲ့သည်။ အဆိုပါမေးမြန်းချက်ကို ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်က ပြန်လည်ဖြေကြားခဲ့ရာတွင် စီမံကိန်းခွင့်ပြုငွေစုစုပေါင်းမှ စံနှုန်းကွာခြားခြင်း၊ ဒေသစံနှုန်းကွာခြားခြင်းနှင့် တွက်ချက်မှုမှားယွင်းခြင်း၊ ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ပေးသွင်းရန် လိုအပ်ခြင်းတို့ အပါအဝင် နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရမည့် ငွေမှာ ကျပ် ၂၂ သန်းကျော်ဖြစ်ပြီး အဆိုပါငွေများ အားလုံး ပြန်လည်ပေးသွင်းပြီးဖြစ်ကြောင်း ချလန်အမှတ်များဖြင့် ဆိုသည်။

ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုဖြေလျှော့နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တင်ဒါအောင်သည့် Capital Development ကုမ္ပဏီကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း၌ ရွှေဂုံတိုင်ခုံးကျော်တံတားကို စတင်တည်ဆောက်ခွင့်ပြုခဲ့သည်။

*(ကိုးကား- The Myanmar Times)*

## ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၆) (ပထမနေ့) ဆောင်ရွက်ပြီးစီး



ဓာတ်ပုံ - www.monhluttaw.com

သောကြာ၊ ဇွန် ၃၊ ၂၀၁၆

ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆) (ပထမနေ့)ကို (၂-၆-၂၀၁၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ပါသည်။ အစည်းအဝေးတွင် မေးခွန်း (၉) ခု မေးမြန်းခြင်း၊ အဆို (၅) ခု တင်သွင်းခြင်းအား ပြည်နယ်လွှတ်တော်မှ လက်ခံဆွေးနွေးမည် ဖြစ်သဖြင့် ဆွေးနွေးလိုသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်ရုံးညွှန်ကြားရေးမှူးထံတွင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူးအစားထိုးလဲလှယ်ရေးကိစ္စ တင်ပြခြင်းနှင့် သဘောတူအတည်ပြုကြောင်း ကြေညာခြင်း၊ ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး အစားထိုးလဲလှယ်ရေးကိစ္စ တင်ပြခြင်းနှင့် သဘောတူအတည်ပြုကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ အစည်းအဝေးသို့ လေ့လာသူ (၅၆) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးကို (၁၃း၁၅) နာရီအချိန်တွင် ကျင်းပပြီးစီးကြောင်း သိရှိရပါသည်။

*(ကိုးကား - www.monhluttaw.com)*

*"မြေယာပြဿနာတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေက စုံစမ်းစစ်ဆေးသွားမှာပါ။ ဥပဒေကြမ်းတွေပြုစုဖို့ဖြစ်ဖြစ် ရှိပြီးသားဥပဒေတွေကို ပြင်ဆင်ဖို့ဖြစ်ဖြစ် လွှတ်တော်အစည်းအဝေးတွေကို ဒီအတောအတွင်း ကျင်းပပါမယ်။ အဲလိုမှမဟုတ်ရင်လည်း အရေးတကြီးဆောင်ရွက်ရမယ့် မြေယာအငြင်းပွားမှုတွေ၊ တိုင်ကြားချက်တွေကို ဒီမေလထဲမှာ ဖြေရှင်းပေးသွားပါမယ်"*

(ဦးအောင်ကျော်ဦး၊ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ မြန်မာတိုင်းမ် သတင်းမှ ကောက်နုတ်ဖော်ပြသည်)

*"ဒီ (၅) နှစ်အတွင်းမှာ ချင်းပြည်နယ်အတွင်းက မြို့ကြီးတွေဖြစ်တဲ့ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မတူပီ၊ မင်းတပ်၊ ပလက်ဝ တို့ကို ကျွန်တော်တို့ ပိုမိုဖွံ့ဖြိုးအောင် လုပ်သွားဖို့ ရှိသလို တစ်ခြားမြို့တွေဖြစ်တဲ့ ထန်တလန်၊ တွန်းဇံ၊ ကန်ပက်လက် တို့ကိုလည်း ကျွန်တော်တို့ မြို့ဒေသနဲ့ကိုက်ညီအောင် မြို့ပြဖွံ့ဖြိုးမှုဖြစ်အောင် ကြိုးစားသွားမှာပါ"*

(ဆလိုင်းအိုက်ဇက်ခင်၊ ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး၊ Chin World Media နှင့် အင်တာဗျူးမှ ကောက်နုတ်ဖော်ပြသည်)

# ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်တွင် အဆိပ်အတောက်စွန့်ပစ်ပစ္စည်းများအရေး ဆွေးနွေး

အင်္ဂါ၊ မေ ၃၁၊ ၂၀၁၆

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်တွင် ဧရာဝတီမြစ်ရေညစ်ညမ်းမှုအရေးကိစ္စနှင့် ပတ်သက်၍ ယမန်နေ့က ဆွေးနွေးခဲ့ကြသည်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မြစ်အနီးတွင်ရှိသော စက်ရုံများမှ စွန့်ပစ်ပစ္စည်းများသည် မြစ်ရေကို ညစ်ညမ်းစေခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းမှအစပြု၍ လွှတ်တော်တွင် ဝိုင်းဝန်း ဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

ဝါးခယ်မမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဒေါ်စန်းစန်းမြင့်က ဧရာဝတီမြစ်အတွင်းရှိ ဓာတုဗေဒ အညစ်အကြေးများနှင့် ပတ်သက်၍ မည်သို့အဖြေရှာရန်ရှိကြောင်း မေးခွန်းတင်သွင်းခဲ့ခြင်း ဖြစ်သည်။ ဧရာဝတီမြစ်ရေသည် အသုံးပြုနေသည့် ပြည်သူလူထုကို အန္တရာယ်ဖြစ်စေပြီး ကျန်းမာရေးကို ထိခိုက်စေသဖြင့် ထိုသို့မေးခွန်းထုတ်ခဲ့ခြင်း ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးဝန်ကြီး ဦးဘဟိန်းက ဖြေကြားရာတွင် ပြည်တွင်းအခြေစိုက် NGO များ၊ အာဏာပိုင်အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ယင်းပြဿနာကို အဖြေရှာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါဝင်သည်။

ဧရာဝတီတိုင်း ဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင် ကလည်း ဒေသခံ အာဏာပိုင်များက အရေးယူ ဆောင်ရွက်ပေးခြင်း မရှိသဖြင့် ဒေသခံများအနေဖြင့် မတိုင်ကြားရဲကြကြောင်း လွှတ်တော်တွင် ပြောကြားသွားသည်။

(ကိုးကား - The Myanmar Times)

ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

စုစည်းတင်ပြသူ

ပညာ
အလင်းပွင့်
မြန်မာ
သုတေသန
ဖောင်ဒေးရှင်း

ဆက်သွယ်ရန်
၀၉ ၄၅၀ ၁၀၀ ၇၅၀

## ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ပန်းပဲတန်း၊ ကျောက်တံတား၊ သဃ်ာန်းကျွန်းမြို့နယ်များသို့ လှည့်လည်သွားရောက်


ဓာတ်ပုံ - Nay Phone Latt facebook page

အင်္ဂါ၊ မေလ ၃၁၊ ၂၀၁၆

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းသည် ယနေ့တွင် သဃ်ာန်းကျွန်းမြို့နယ်အတွင်း လှည့်လည်၍ အခြေခံပညာ မူလတန်းကျောင်းများ၏ ပကတိအခြေအနေများကို လေ့လာကြည့်ရှုခဲ့ပြီး တာဝန်ရှိ ဆရာ/ဆရာမ များနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

ဦးနိုင်ငံလင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပန်းပဲတန်းမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ သဃ်ာန်းကျွန်းမြို့နယ် သုံးမြို့နယ်ကို ယနေ့ လှည့်လည်တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။ သဃ်ာန်းကျွန်းမြို့နယ်သို့ လာရောက်ရာတွင် ပန်းဘဲတန်းမြို့နယ် အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးနှင့် ကျောက်တံတားမြို့နယ် အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာတို့လည်း လိုက်ပါခဲ့ကြသည်။

*(ကိုးကား- Nay Phone Latt facebook page)*

## မကွေးတိုင်းဒေသကြီးလွှတ်တော်ဒုဥက္ကဋ္ဌ ချောက်မြို့နယ် ပုဂ္ဂလိကပိုင်မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီနှင့် တွေ့ဆုံပွဲသို့ တက်ရောက်


ဓာတ်ပုံ - Zaw Myo Winn facebook page

ကြာသပတေး၊ ဇွန် ၂၊ ၂၀၁၆

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးရုံးတွင် ပြုလုပ်သော ချောက်မြို့နယ် ပုဂ္ဂလိကပိုင် မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီနှင့် တွေ့ဆုံပွဲသို့ မကွေးတိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးကော်မတီ နှင့်အတူ မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း တက်ရောက်၍ ဆွေးနွေးခဲ့ပါသည်။

*(ကိုးကား - Zaw Myo Winn facebook page)*

## သတင်းတို

➤ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်း အဝေး (၁/၂၀၁၆) ကို (၃.၆.၂၀၁၆) ရက်နေ့ သောကြာနေ့ နံနက် (၁၀း၀၀) အချိန်တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်သည်။ *(Bago Region Hluttaw Facebook page မှ ကောက်နုတ်ဖော်ပြသည်)*

➤ ရန်ကုန်မြို့တွင် အမြင့်ဆုံးအဆောက်အအုံ ဖြစ်လာမည့် ၃၄ ထပ် အမြင့်ရှိသော ဒိုင်းမွန်းအင်းလျားပဲလေ့စ် ကွန်ဒိုသည် စံသတ်မှတ်ချက်များ နှင့် ကိုက်ညီမှုမရှိသောကြောင့် အဆောက်အအုံကို ၃၄ ထပ်အထိ ဆက်လက်ဆောက်လုပ်မည်ဆိုပါက ကန့်ကွက်သွားမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေ ၃၀ ရက်က ပြုလုပ် သည့် အစည်းအဝေး၌ ဆွေးနွေးခဲ့ကြသည်။
*(The Myanmar Times သတင်းမှ ကောက်နုတ်ဖော်ပြသည်)*

➤ ပြည်နယ်/ တိုင်းဒေသကြီးလွှတ်တော်များ အားပေးမြှင့်တင်ရေးအဖွဲ့" (Myanmar Center to Empower Regional Parliaments: MCERP) သည် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များ၏ ဥပဒေပြုမှုလုပ်ငန်းစဉ်များတွင် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ "လူမှုစီးပွားကဏ္ဍတွင် စာရင်းအင်းပညာ၏ အရေးပါမှု" (The Role of Statistics in Socio- Economic Sector) ခေါင်းစဉ်ဖြင့် "ကဏ္ဍအလိုက် ကျွမ်းကျင်သူများဆွေးနွေးပွဲ အမှတ်စဉ်(၁)" (Professional Seminar No. 1) ကို ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ "ဧရာရွှေဝါခန်းမ" တွင် ၂၀၁၆ ခုနှစ်၊ မေလ၊ ၃၀ ရက်နေ့ နေ့လည် ၁၂ နာရီတွင် ပြုလုပ်ခဲ့သည်။ *(MCERP facebook page မှ ကောက်နုတ်ဖော်ပြသည်)*

➤ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် အပါအဝင် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့်အဖွဲ့တို့ တွေ့ဆုံခဲ့စဉ် တရုတ်သံအမတ်က မြစ်ဆုံစီမံကိန်းကို ပြန်လည်စတင်လိုကြောင်း ပြောဆိုခဲ့သော်လည်း ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မြစ်ဆုံစီမံကိန်းသည် ပြည်သူများ၏ဆန္ဒသာ အဓိကဖြစ်သည်ဟု ပြန်လည်ဖြေကြားခဲ့သည်။
*(www.burmese.dvb.no ဝက်ဘ်ဆိုက်မှ ကောက်နုတ်ဖော်ပြသည်)*

## သတင်းဓာတ်ပုံ


ရှမ်းပြည်နယ်လွှတ်တော်
လွှတ်တော်သတင်းလွှာ
Shan State Hluttaw Bulletin

၁၃၇၇ ခုနှစ်တပို့တွဲလပြည့်ကျော်( ၂ )ရက်၊ ၂၅. ၂. ၂၀၁၆၊ အတွဲ(၁) အမှတ်(၁)

**ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)ကျင်းပ**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပထမနေ့)ကို(၈. ၂. ၂၀၁၆)ရက်နေ့ နံနက် (၁၀း၀၀)နာရီ အချိန်တွင် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၉၆)ဦး၊ တိုင်းရင်းသားလူမျိုးရေးရာကိုယ်စားလှယ်(၇)ဦး၊ တပ်မတော်သားကိုယ်စားလှယ်(၃၄)ဦး၊ စုစုပေါင်း (၁၃၇)ဦးရှိသည့်အနက်(၁၃၆)ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးဦးကျော်သူဇော် (ညွှန်ကြားရေးမှူး) က ဆောင်ရွက်ပါသည်။

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး

ပြည်နယ်လွှတ်တော်သဘာပတိရွေးချယ်ရန်အတွက် လျှို့ဝှက်ဆန္ဒမဲပေးနေပုံ

**ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် သဘာပတိရွေးချယ်တင်မြှောက်ခြင်း**

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ပြီးသည်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁)ဦးအား သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ရာတွင် သဘာပတိလောင်းအမည်စာရင်းတင်သွင်းခြင်းခံရသူ တစ်ဦးထက်ပိုနေသဖြင့် လျှို့ဝှက်ဆန္ဒမဲပေးပွဲ ဆောင်ရွက်ခဲ့ပါသည်။

သဘာပတိလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူများဖြစ်သည့် လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်သန်းထွဋ်နှင့် ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးညွှန့်လွင်(ခ) ဦးစိုးကြီးတို့ (၂)ဦးအား လျှို့ဝှက်ဆန္ဒမဲပေးခဲ့ရာ ဦးအောင်သန်းထွဋ်မှ (၈၃)မဲ၊ ဦးစိုးညွှန့်လွင်(ခ) ဦးစိုးကြီးမှ (၅၂)မဲ ရရှိခဲ့သဖြင့် ဆန္ဒမဲအများဆုံးရရှိသူ ဦးအောင်သန်းထွဋ်အား သဘာပတိအဖြစ် တင်မြှောက်ခဲ့ပါသည်။

ပြည်သူ့အသံ လွှတ်တော်အသံ
ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ
ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်

People's Voice, Hluttaw's Voice
People's Will, Hluttaw's Will
People's Expectation, Hluttaw's Implementation

ဓာတ်ပုံ - ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF)

ရှမ်းပြည်နယ်လွှတ်တော်မှ ပထမဆုံးအကြိမ် ထုတ်ဝေသည့် ရှမ်းပြည်နယ်လွှတ်တော် လွှတ်တော်သတင်းလွှာ အတွဲ (၁) အမှတ် (၁) ကို တွေ့ရစဉ်။
*(ကိုးကား - ရှမ်းပြည်နယ်လွှတ်တော်ရုံး)*


ဓာတ်ပုံ - ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF)

ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုတွေးက ပညာအလင်းပွင့် မြန်မာသုတေသန ဖောင်ဒေးရှင်း အား လက်ခံတွေ့ဆုံပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ သုတေသန လုပ်ငန်းစဉ်ကို အားပေးပြောကြားစဉ်။



(ဓာတ်ပုံ - Hinthar Media)

မွန်ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးနှင့် လွှတ်တော် ကော်မတီဝင်များက MCL ဘိလပ်မြေစက်ရုံ ကျောက်မီးသွေးဖြင့် လည်ပတ်နေမှုနှင့် ပတ်သတ်ပြီး ကဒ်စိတ်ဘုန်းကြီးကျောင်းတွင် ဒေသခံများနှင့် လာရောက်တွေ့ဆုံစဉ် စက်ရုံ ကျောက်မီးသွေးဖြင့် လည်ပတ်မည့် အစီအစဉ်ကို ကန့်ကွက်ကြောင်း ဒေသခံများက ကျိုက်မရောမြို့နယ် ကဒ်စိတ်ကျေးရွာ၊ ကဒ်စိတ်ဘုန်းကြီးကျောင်းရှေ့တွင် ဇွန်လ ၁ ရက်နေ့ နေ့လယ် ၂ နာရီခန့်က ဆန္ဒ ထုတ်ဖော်ကြစဉ်။
*(ကိုးကား - Hinthar Media Cooperation facebook page)*

သတင်းရင်းမြစ်အားလုံးကို ကျေးဇူးတင်ရှိပါသည်။

EMReF
Enlightened Myanmar Research Foundation